# မြန်မာနိုင်ငံခေတ်ဆန်းချိန်

## ဗမာကြီး

ကျွန်တော်ဟာမိမိ ကိုယ်ကို အကောင်းမြင်ဝါဒ သမားတယောက်အနေနဲ့ မမြင်မိပါဘူး၊ ကျွန်တော်တို့ မြန်မာနိုင်ငံ ကြီးဟာလဲ အကောင်းမြင် ချင်စရာမရှိအောင် အခြေအနေတွေ ဆိုးရွားနေခဲ့ တာကြာပါပြီ။ စစ်ဗိုလ်တွေ အုပ်ချုပ်နေတဲ့ နိုင်ငံဟာ အဖက်ဖက်က ချွတ်ခြုံကျ ပျက်စီးနေတာကို ငြင်းလို့ မရနိုင်ပါဘူး၊

အခုဦးသိန်းစိန်အစိုးရ တက်လာတဲ့ အချိန်ဟာ ကျွန်တော့် အယူအဆတွေ ပြောင်းရမဲ့ အနေအထား ဖြစ်နေပါတယ်၊ ကျွန်တော့် အမြင်လေးကိုတင်ပြပါရစေ၊

ဦးသိန်စိန်ဟာ သူရဲ့ အကြံပေးအဖွဲ့ ကိုဖွဲ့တဲ့ အခါ ဆရာကြီး ဦးမြင့်ကို အဖွဲ့ ဥက္ကဌ အဖြစ် ခန့် အပ်ခဲ့ပါတယ်၊ ဦးမြင့် ဟာ ဘယ်လိုပုဂ္ဂိုလ် ဆိုတာကို ရင်းနှီး သူတွေ သိကြပါတယ်၊ ဒေါ်အောင် ဆန်းစုကြည် နဲ့အလွန်ရင်းနှီးပြီး ဒေါ်စုရဲ့သားက သီချင်းဆို၊ သူကဂီတာ တီးနေတာ ကို အင်တာနက်မှာ တွေ့ ကြရပါ တယ်။

ဦးသိန်းစိန် ဟာဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကို အကြံပေးအဖွဲ့ ရဲ့ ဥက္ကဌ အဖြစ် ခန့် အပ် ချင် ပါလိမ့်မယ်။ ဒါပေမဲ့ ဒီကိစ္စ ဟာဦးသန်းရွှေ ရဲ့ သဘောတူညီချက် မပါဘဲ မဖြစ်နိုင်ပါဘူး၊ ဦးသန်းရွှေ သဘောတူမတူ ဆိုတာလဲ သွားမေးနေစရာမလိုပါဘူး၊

ဒီလိုဘဲ ဦးသန်ရွှေ သဘောမတူရင် လုပ်မဖြစ် တဲ့ကိစ္စ ကတော့ နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးရေး ကိစ္စပါ၊ ဦးသန်းစိန်အနေ နဲ့ ကတော့ ဧပြီ ၁ရက် သူတို့ အစိုးရသစ် ဖွဲ့ပြီးချိန် က တည်းက လွှတ်ပေးချင်ပါလိမ့်မယ်၊ ဒါပေမဲ့ အရိပ်ကြီး မိုးထားဆဲ တပ်ချုပ် အဟောင်းကြီး က တော့ အခုလိုချက်ခြင်း လက်ငင်းလွှတ်ပေးရင် "မောင်ဆိုး" တော့ သွားပြီ "မောင်ကောင်း" လာပြီ ဆိုပြီး ပြောရမဲ့ အခြေအနေ ရောက်သွားမှာ မို့ သဘောတူနိုင်လိမ့် မယ်မထင်ပါဘူး၊ ကျွန်တော် ပြောချင်တာက သမတ အသစ်ဦးသိန်းစိန်ဟာ သူလုပ်ချင်တာကို ချက်ချင်းကြီး ထပြီး လုပ်နိုင် တဲ့ အခြေအနေ မရှိသေးဘူးလို့ ပြောချင်တာပါ၊

သူ့ထိုင်ခုံ တည်မြဲရေးအတွက် ဒီလို ဖြစ်စဉ် ပြုပြင် ပြောင်းလဲရေးလုပ်ငန်း တွေ လုပ်တဲ့အခါမှာ အချိန်ယူရပါလိမ့်မယ်၊ သူ့ကိုယ်သူ ယုံကြည်မှု ရရှိရေးအတွက် ဖြေးဖြေး သက်သာ လုပ်ရပါ

လိမ့်မယ်၊ ဒီမိုကရေစီ ဘက်တော်သားများ အနေနဲ့ ဒါတွေကို တက်သုတ်ရိုက် လုပ်ရမယ် လို့ တောင်းဆိုရင် လိုရာမရောက်ဘဲ အမှားတွေ ဖြစ်ကုန်နိုင်ပါတယ်၊

သူ့အစိုးရအဖွဲ့ထဲမှာ ဦးသောင်း လို ဦးအောင်သောင်းလိုလူ တွေမပါတော့ ကတည်းက ဒီအစိုးရ သစ်ဟာ လမ်းဟောင်းကြီးအတိုင်း သွားမဲ့ အစိုးရမဟုတ်ဖူးလို့ ကျွန်တော်မျှော်လင့်မိပါတယ်၊ ခြစားတဲ့ ဝန်ကြီး၊ အခွင့်အရေးသမား ဝန်ကြီးတွေ မပါတော့အောင် ဦးသိန်းစိန် လုပ်ပိုင်ခွင့် ကိုအသုံးချနိုင်ခဲ့ပါတယ်၊

ဦးသန်းရွှေ အနေနဲ့ကလဲ ကိုယ်တိုင်ရေး အထုပတ္တိရေးဘူးတဲ့ ဗိုလ်ချုပ်ဟောင်းကြီးတွေ ( ဗိုလ်ချုပ်သန်းတင်၊ ဗိုလ်တင့်ဆွေ စသည်) ကို ခေါ်ပြီးဂါရဝ ပြုစဉ်က သူဟာ အုပ်ချုပ်ရေးကိစ္စ တွေမှာ မပါတော့ပါဘူး ဦးသိန်းစိန်ဟာ အစိုးရ အဖွဲ့ကို သူ့စိတ်ကြိုက် ဖွဲ့တာပါလို့ ပြောတဲ့ အကြောင်း ကြားရပါတယ်၊

ဒါဟာဒီမိုကရေစီ ဘက်တော်သားတွေအတွက် အရေးကြီးတဲ့ သတင်းလို့ ကျွန်တော် ထင်ပါ တယ်၊ ဦးသိန်းစိန်ဟာ ခြစားမှု အနည်းဆုံး ဗိုလ်ချုပ် ဖြစ်တယ်၊ အားလုံးဝိုင်းပြီး ခြစားနေ ကြတဲ့ စစ်ဗိုလ်တွေကို စိတ်ပျက်နေသူ ဖြစ်တယ်၊ တိုင်းပြည်ကို ကောင်းစေချင်တယ်၊ ဦးသန်းရွှေ ဟာ သူ့ ကို တရုပ်ခေါင်းဆောင်ကြီး တင်ရှောက်ပင် လို စံနစ်အတွင်းက ပြုပြင်ပြောင်းလဲမှုတွေ ကို လုပ်စေချင်တယ်၊ ဒါပေမဲ့သူဟာ နိုင်ငံ အင်ပါယာကြီးအပြိုကွဲ ခံပြီး စံနစ်ပြောင်းချင်တဲ့ "ဂိုဗာချက်" လိုခေါင်းဆောင်ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်၊ ဒါကို ဒီမိုကရေစီလိုလား သူ အားလုံး ဟာသတိကြီးစွာ ထားပြီး စောင့်ကြည့်ကြရပါလိမ့်မယ်၊

တကယ်ပြောရရင် တိုင်းပြည်ကောင်းစားစေချင်ကြသူတိုင်းဟာ တိုင်းပြည်ကြီးပွားတိုးတက်တာ ကိုမြင်ချင်ကြသလို တိုင်းပြည်ရဲ့ ဥစ္စာပစ္စည်းကို မတရားခိုးယူ ကြီး ပွားနေသူများထံမှ ပြန်ပြီး သိမ်းယူ ချင်ကြပါလိမ့်မယ်၊ ခြစားသူ အားလုံးကို တရားဥပဒေအရ အရေးယူချင် ကြပါလိမ့် မယ်၊

သားရွှေအိုးထမ်းလာတာကို မြင်ရဘို့ ဆိုတာကတော့ အခုခေတ်အခါ ကြီး မှာမဖြစ်နိုင်သေး တဲ့ ကိစ္စဖြစ်နေပါတယ်၊ ဒီမိုကရေစီ လိုလားသူတိုင်း က စစ်အာဏာရှင် စံနစ်ကို ပြိုကွဲစေချင် ကြ တာပါဘဲ၊ ကျွန်တော်တို့ ဟာ ၁၉၈၈ ခုနှစ် တုံးကလို အရေးအခင်းဖြစ်ပြီး ပြည်သူတွေရဲ့ စိတ် ဆန္ဒကို ဖေါ်ပြနိုင် တဲ့အခွင့်အရေးကို လိုချင်ကြတာပါဘဲ။ ဒါပေမဲ့ ဒါတွေဟာ ဖြစ်လာ  နိုင်ပါဦး မလား၊

အာရပ်နိုင်ငံတွေ မှာ အပြောင်းအလဲတွေဖြစ်၊ မူဘာရက် ပြုတ်ကျ၊ ကျူနီးရှားမှာ မဲနိုင်တဲ့သူ ကနောက်ဆုံးမှာ အာဏာရ တာတွေဖြစ်တော့ ကျွန်တော်တို့ မြန်မာပြည်အရေးဟာ အားတက် စရာပါဘဲ၊ စင်္ကာပူက လီကွမ်ယူ တောင် တသက်တာ ကက်ဘီနက်ဝန်ကြီးအဖြစ်က အနားယူ သွားပြီလေ၊

ကျွန်တော်တို့မြန်မာပြည်မှာကော ဒီလိုအလားအလာကောင်းတဲ့ပြောင်းလဲမှုတွေ မဖြစ်နိုင် ပေဘူးလား၊ ၁၉၈၈ ခုနှစ်တုံးကလဲ ကောင်းတော့မှာပါလို့ ကျွန်တော်တို့မျှော် လင့်ခဲ့ကြဘူး ပါတယ်၊ အရေးအခင်းဖြစ်ပြီးရင် စစ်တပ်က ပြုတ်မကျဘဲ ထပ်ပြီး အာဏာသိမ်းတာတွေ ဖြစ်လာ ခဲ့ပါ တယ်။ နောက်တကြိမ်ဒီလို ထပ်ဖြစ်ရင် ဒီလိုဘဲ သွေးထွက် သံယို ဖြစ်ပြီး ဆိုးရွားတဲ့ စစ်သားတွေ အာဏာရသွားတဲ့  သမိုင်းတပါတ် ပြန်လည် သွားနိုင်ပါတယ်၊

အဲဒီတော့ တရုပ်ခေါင်းဆောင်ကြီး တင်ရှောက်ပင် လုပ်ခဲ့သလို လက်ရှိစံနစ်အတွင်းမှာဘဲ တဖြည်းဖြည်းပြောင်းယူတာမျိုး မဖြစ်နိုင်ဘူးလား။ မဖြစ်သင့်ဘူးလား၊

ဒီမေးခွန်းကိုဖြေဘို့ အတွက်ကတော့ အန်တီ ဒေါ်အောင်ဆန်းစုကြည် ရဲ့ အကူအညီအများကြီး လိုတယ် လို့ကျွန်တော် ယူဆပါတယ်၊ ဦးသိန်းစိန် ဟာ တင်ရှောက်ပင်လို အရည်အချင်း ရှိ မရှိ ဆိုတာကိုကျွန်တော်တို့စောင့်ကြည့်ကြရပါလိမ့်မယ်၊ ဒီမိုကရေစီဘက်တော် သားများ အနေနဲ့ ကောင်းမွန်တဲ့ အကြံဉာဏ်ပေး အားပေးကူညီကြဖို့ လိုပါတယ်၊ စစ်တပ် ကလုပ်သမျှ မဟုတ် တာတွေ ချည့်ဘဲလို့ ဝါးလုံးသိမ်းဆုံးဖြတ်ချက် ချထားရင်တော့ အဆင်ပြေကြမည်မဟုတ်ပါ၊

ဦးသန်းရွှေ ဟာတိုင်းပြည်ရဲ့ အရေးကြီးတဲ့ပြသနာတွေကို တခုမှဖြေရှင်းမသွားဘဲအနားယူ သွား ပါပြီ၊ သူထင်ရာ ကြဲခဲ့တဲ့ တိုင်းပြည် ကြီးဟာလဲ ကုန်းကောက်စရာမရှိအောင် မွဲတေ သွားရပါပြီ၊ နိုင်ငံပိုင် ပစ္စည်း တွေကို စည်းမဲ့ကမ်းမဲ့ လက်သင့်ရာ ခွဲဝေ ယူပြီး တိုင်းပြည် ဟာဗရမ်းဗတာ ကြီးဖြစ်ကျန်ရစ်ခဲ့ရပါတယ်၊ မဲခိုး ပြီးဖွဲ့ စည်းထားတဲ့ လူညစ်တွေ စုစည်းတဲ့ အစိုးရသစ် ကြီးကို ဖွဲ့ပေးပြီး အခြေအနေ မဟန်ရင် တိုင်းပြည်က ထွက်ပြေးဘို့ စီ စဉ်ပြီးပြီ လို့ဆိုကြပါတယ်၊

ဦးသန်းရွှေ အနေနဲ့ကတော့ ဒေါ်အောင်ဆန်းစုကြည် ဆိုတာ မြန်မာ့နိုင်ငံရေး လောကမှာ မရှိပါဘူး။ စေ့စပ်ဆွေးနွေးနေ စရာအကြောင်းလဲ မရှိပါဘူး။ ဒေါ်စုဟာ ပြသနာတွေ အားလုံး ကိုဖြေ ရှင်းပေးလိမ့်မယ်လို့ ယူဆဘို့ရာ ဝေလာဝေး၊ ဒေါ်အောင်ဆန်းစုကြည် ဟာငြိမ်းချမ်းမှု ကိုဖျက် ဆီးနှောင့်ယှက် သူလို့ ယူဆ နေဟန်ရှိပါတယ်၊ ဦးသိန်းစိန်ဟာ ဒီလမ်းကြောင်းပေါ်က ခွဲထွက်လာခဲ့ပါပြီ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ရင်းနှီးသူ ဆရာကြီးဦးမြင့်ကို အကြံပေး ပုဂ္ဂိုလ်အဖြစ် ခန့်လိုက်တာဟာ သူတတ်နိုင်တဲ့နည်းနဲ့ ဒီမိုကရေစီ ဘက်တော်သားတွေကို အလံဖြူပြလိုက်တာလို့ ကျွန်တော်မြင်ပါတယ်၊ အန်တီစုရဲ့ နောက်မှာ တတိုင်းပြည် လုံးရှိပါတယ်။ တိုင်းသူပြည်သားတွေ ရဲ့ကောင်းရာမွန်ရာ ဖြစ်အောင် လုပ်ဆောင် ရာမှာ အန်တီစု ရဲ့အရေးပါပုံ ကိုအသိအမှတ်ပြုလိုက်တာဘဲ လို့ ကျွန်တော်ပြောချင်ပါတယ်၊

တလောက မိတ်ဆွေတယောက် ကအန်တီစု အိမ်ပြန်တဲ့အခါ လမ်းလျှောက်ပြန်ပါ၊ လူစုလူဝေးကအန်တီစုကို ဝန်းရံပြီး အစိုးရကို သူတို့မကျေနပ်ကြောင်း ပြသကြပါလိမ့်မယ်လို့ ဆော်ဩနေသံကိုကြားလိုက်ရပါတယ်။ အကယ်၍ ဒီလုပ်ရပ်ကြောင့် လူသတ်ပွဲတွေ ဖြစ်မဲ့ အရေးအခင်းဆီကိုဦးတည်နေတယ်ဆိုရင်တော့ အခုချိန်မှာ ဒါမျိုးတွေ လုပ်ဖို့ မလိုသေးပါ၊

အခုအစိုးရအဖွဲ့ ထဲမှာလဲ လွှန်လွှန်ကြူးကြူး ခြစားခဲ့ကြတဲ့ ဗိုလ်ချုပ်ဟောင်းကြီးတွေရှိနေပါသေးတယ်၊ ဒီလူတွေကိုဖယ်ရှားဘို့ ဦးသိန်းစိန်အစိုးရကို ကျွန်တော်တို့ အချိန်ပေးရပါလိမ့်မယ်။ ဦးသန်းရွှေက ဗိုလ်တင်အောင်မြင့်ဦးကို သူ့အသက်စည်းစိမ် ကိုကာကွယ်ပေးရ မယ်လို့ တာဝန် ပေး ထားတယ်လို့ကြားရပါတယ်။ ဒီသတင်းမှန်ခဲ့ရင် ဦးသိန်းစိန်ဟာ ဒီပုဂ္ဂိုလ်ကြီး ကိုဖြုတ်ဖို့ ရာ အချိန်နဲ့ မှန်ကန်ယုတ္တိရှိတဲ့ အခွင့်အရေး ရဘို့လိုပါလိမ့်မယ်၊ ဒီဗိုလ်ချုပ်ဟောင်းကြီးဟာ မြန်မာနိုင်ငံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ ရာထူးမှာ ၆ နှစ်ခန့် လုပ်ပြီး စီးပွားရေးသမား တွေထံမှ အကြီးအကျယ်လာဒ် စားခဲ့တာကို လူတိုင်းသိကြပါတယ်၊ တပ်ချုပ်ကြီးကိုယ်တိုင် ကလဲ သိလို့ သူ့ကို ပဌမ ဘာရာထူးမှ မပေးဘူးလို့ ကြားရပါတယ်၊ နောက်မှ သူမဲခိုးပြီး ကြံ့ဖွံ့ အမတ်တွေ နိုင်အောင် လုပ်ပေးခဲ့ ရတယ် လို့ တပ်ချုပ်ကြီးကို  ချဲလင့် လုပ်ပြီး မှ ဒုသမတ ရာထူးပေးခဲ့ရတယ်လို့ အတည်မပြုနိုင်တဲ့ သတင်းတွေအရသိရပါတယ်၊ ဒီလို ကိုယ်ကျိုးရှာ သမားတွေကိုရှင်းပစ်ဖို့ရာ ကိစ္စ ဟာ မလွယ်ကူလှပါဘူး၊ အစိုးရသစ် လက်ထက်မှာ စီးပွားရေး ကောင်စီဆိုတာမရှိ တော့ပါဘူး၊ ဒါဟာမှန်ကန်တဲ့ အစိုးရသစ်ရဲ့ ဆောင်ရွက်ချက် တခုပါ၊

လက်ကိုင်ဖုံးတွေ ချပေးရာမှာလဲ ယခင်အစိုးရဟောင်းက လက်သင့်ရာ လိုင်စင်ချပေးထားတာကို  ပယ်ဖျက်ပြီး ဖုံးအသစ် ရောင်းချရေး ကို ဆက်သွယ်ရေးကော်ပိုရေးရှင်း ကဘဲ ကိုင်ရတော့မယ်လို့ကြားရပါတယ်၊ တဖြည်းဖြည်းနဲ့ ကပ်ရပ် ဖါးပြီး စည်းလွတ်ဝါးလွတ် ခေတ်ပျက် သူဌေးဖြစ်လိုသူတွေ ရဲ့ လုပ်ရပ် တွေကို တိုက်ဖျက်နေတဲ့သဘောပါဘဲ၊

နောက်ပြီး ကာကွယ်ရေးဦးစီးချုပ် ဆိုတဲ့လူကို မိမိ စိတ်တိုင်းကျခိုင်းနိုင် အမိန့်ပေးနိုင်ဘို့၊ ဗိုလ်သန်းရွှေ ရဲ့ ဩဇာအရိပ်အောက်က ထွက်နိုင်ဘို့ သမတကြီးဦးသိန်းစိန်အတွက် အချိန်တွေလိုပါတယ်။ ချက်ချင်းမဖြစ်နိုင်ပါ၊ တိုင်းပြည်မျက်နှာကိုမထောက် မိမိကိုယ်ကျိုးရှာ

လောဘသမားတွေ ကို ကက်ဘိနက်အတွင်းမှ ဖယ်ရှားပစ်နိုင်မှသာ အစိုးရ တရပ်ဟာ အများ ရှိသေတဲ့ အစိုးရ ဖြစ်နိုင် ပါလိမ့်မယ်

ဒီအချိန်တွေမှာ အန်တီစုရယ် တိုင်းပြည်ကြီးရယ်ဟာ ဘာမှမလုပ်ဘဲ ထိုင်ကြည့်နေရမလားလို့ မေးစရာဖြစ်လာပါတယ်၊ အစိုးရသစ်ကို ဝေဖန်ပါ စောင့်ကြည့်ပါ၊ ဒါပေမဲ့သူ့ရဲ့ မြောက်များလှ စွာသော ပြဿနာတွေကိုလဲ နားလည်ပါလို့ပြောပါရစေ၊ ဦးသိန်းစိန်ဟာတကယ်ကို ဆိုဗီယက် သမတ ဟောင်းဂိုဗာချက် လို ပြုပြင်ရေးသမား လမ်းဟောင်းက ခွဲထွက် မဲ့ သူလားဆိုတာကို စောင့်ကြည့်စေချင်ပါတယ်၊

နောက်တချက်ကတော့ တချိန်မှာ အရည်အချင်းမရှိတဲ့ စစ်ဗိုလ် ဟောင်းတွေကို အစိုးရ ယန္တရား က ဖယ်ရှားပစ်နိုင်ပြီဆိုရင် သူတို့ကို လူတော်လူကောင်းတွေနဲ့ အစားထိုးနိုင် ဘို့လိုပါတယ်၊ ခေါင်းဆောင်ကောင်းဆိုတာ နေ့ချင်းညချင်း မရနိုင်ပါ၊ စစ်ကျောင်းတက်ရုံနဲ့ လဲ ခေါင်းဆောင်တွေ ဖြစ်ကုန်တာမဟုတ်ပါ၊ အန်တီစုအနေနဲ့ တတ်နိုင်သမျှ လူငယ်တွေ ကို တစုစီ တစုစီ ခွဲ ပြီး ပြုစုပျိုးထောင်ပေးစေချင်ပါတယ်၊ လူ၃၀ အစု လူ ၅၀ အစုစသည်ဖြင့် အနာဂါတ်ကို ဦးဆောင်ကြမဲ့ လူငယ်တွေဟာ အန်တီစုနဲ့ လက်ပွန်းတတီးနေပြီး ခေါင်းဆောင် မျိုးဆက်ကို စတင် ဖန်တီးသင့်ပါတယ်၊

မဆိုစကောင်း အရေးကြီးလုပ်ငန်းတွေ ဆောင်ရွက်ဖို့လိုလာပြီ ဆိုရင် ခေါင်းဆောင် တွေ အလုပ်သမား တွေကို ဝေးဝေးသွားရှာနေစရာ မလိုတော့ပါ၊ အန်တီစုအဖို့ ဒီကလေးတွေကိုဘဲ အားကိုးအားထား ပြုရမှာမို့ အခွင့်အရေးရ တုံးမှာ စုစည်းထားစေချင်ပါတယ်၊ သူတို့ဟာ တချိန်မှာ လူထုကြားကို သွားပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်ကြမှာပါ၊

နောက်တချက်ကတော့ မစ္စတာဂိုဗာချက် ဟာရုရှားနိုင်ငံကြီးကို ပြောင်းလဲအောင် လုပ်တဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်လို လူထုခေါင်းဆောင် ဆိုတာရုရှား နိုင်ငံမှာမရှိ ခဲ့ပါဘူး၊ ဦးသိန်းစိန် အဖို့ လူထုကို စုစည်းပေးနိုင်မဲ့ အန်တီစုလို ခေါင်းဆောင်ကောင်းရှိနေပါပြီ၊ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းတွေအတွက် သူ့ အဖို့ အကူအညီ လိုအပ်ပါလိမ့်မယ်၊ အဲဒီ အကူအညီ တောင်းခံလာချိန်မှာ ပေးဘို့ အန်တီစု ကအဆင်သင့် ပြင်ဆင်ထားရပါလိမ့်မယ်၊

မြန်မာနိုင်ငံတော်ကြီးဟာ ခေတ်အဆက်ဆက် စစ်ဗိုလ် စစ်သားခေါင်းဆောင်ကြီးတွေ ခြစားမှုကြောင့် နစ်နာနေလှပါပြီ။ ဦးသိန်းစိန်အစိုးရ ဟာမြန်မာနိုင်ငံတခေတ်ဆန်းချိန် ကိုဖေါ်ဆောင်းပေး မဲ့အဖွဲ့ အစည်းတခုအဖြစ် ကျွန်တော်မြင်လိုတွေ့လိုလှပါတယ်၊